**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (070/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၇၀/၂၀၁၁)

၂၀၁၁ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ ၂၀၁၁ ခုနှစ် မေလ (၂၈) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် 'Burma' ဆိုသည့် အခေါ်အဝေါ်အစား နိုင်ငံ၏တရားဝင်နာမည်ဖြစ်သည့် 'Myanmar' ကို သုံးစွဲမှုမျိုးကအစ ယုံကြည်မှုတည်ဆောက်ရန်လိုကြောင်း မြန်မာဘက်က ပြောဆိုခဲ့ကြောင်း အစိုးရ ထုတ်ပြန်ချက်ကို ကိုးကား၍ ပြည်တွင်းထုတ် မြန်မာတိုင်းမ် ဂျာနယ်က ရေးသားဖော်ပြထားသည်။ (RFA 220511) Read More...
- မြန်မာနိုင်ငံတွင် အခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို ၎င်းတို့ဒေသဆိုင်ရာအလိုက် သဘာဂအရင်းအမြစ်များမှ ရရှိသည့်ဂင်ငွေများပေါ် အခွန်ကောက်ခံခြင်းအပါအဂင် အခွန်အခ ၁၉ မျိုးကို ကောက်ခံခွင့်ပေးထားသော်လည်း ယခုချိန်ထိ အခွန်နှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအတွင်း ဆွေးနွေးပြင်ဆင်နေမှုမျိုးမရှိသေးသည့်အပြင် အစိုးရတရပ်၏ လုပ်ငန်းဆောင်တာများ အပြည့်အဂဆောင်ရွက်မှုမျိုးမရှိသေးကြောင်း ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဂင်များက ပြောသည်။ (VOA 220511) Read More...
- သကြံန် ပုံးဖောက်ခွဲရေးသမားအဖြစ် စွပ်စွဲခံထားရသူ ကိုဖြိုးဝေအောင်၏အမှုကို မေလ ၂၃ ရက်နေ့က အင်းစိန်ထောင်တွင်း ရုံးထုတ်စစ်ဆေးရာတွင် ထောင်အာဏာပိုင်များက စည်းကမ်းများပိုပြီးတင်းကျပ်လာခဲ့ကြောင်း အကျိုးဆောင်ရှေ့နေ ဦးကျော်ဟိုးက ပြောသည်။ (RFA 240511) Read More...
- မေလ ၂၃ ရက်နေ့က နေပြည်တော်တွင် စတင်ကျင်းပနေသည့် လွှတ်တော်သုံးရပ်လုံး ဥက္ကဌများနှင့် လွှတ်တော်အမြဲတမ်းကော်မတီဂင်များ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတွင် အစိုးရအဆင်းဆင့်၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အသွင်ပြောင်းလဲမှုများ အဓိကထားဆွေးနွေးနေကြသည်။ (DVB 240511) Read More...
- ရန်ကုန် အင်းစိန်ထောင်တွင်း အစာငတ်ခံ ဆန္ဒပြနေကြသော နိုင်ငံရေး အကျဉ်းသားများ၏ တောင်းဆိုချက်များကို မလိုက်လျောသည့်အပြင် တချို့ကို စစ်ခွေးတိုက်သို့ ပို့၍အရေးယူပြီး အချို့ကို မေ ၁၄ ရက်နေ့ နံနက်စောစောက ထောင်ပြောင်းရဲကားများနှင့် ခေါ်ယူသွားကြောင်း အင်းစိန်ထောင်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 240511) Read More...
- မေလ ၂၂ ရက်နေ့က အင်းစိန်ထောင်အတွင်း အစာငတ်ခံ ဆန္ဒပြခဲ့သည့် နိုင်ငံရေးအကျဉ်းသားများကို အာဏာပိုင်များက ထောင်ဝင်စာတွေ့ခွင့် ပိတ်ပင်လိုက်ကြောင်း နိုင်ငံရေး အကျဉ်းသား မိသားစုများနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (RFA 250511) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မူလတန်းကျောင်းသားများအတွက် ကျောင်းသုံးဖတ်စာအုပ်ကြေး ကောက်ခံထားပါက ငွေပြန်အမ်းရန် ပညာရေးဝန်ကြီးဌာနက ညွှန်ကြားချက်ထုတ်ထားကြောင်း ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပညာရေးမှူးရုံး တာဝန်ခံတစ်ဦးက ပြောသည်။ (Mizzima 260511) Read More...
- သမ္မတ ဦးသိန်းစိန် ဦးဆောင်သောအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် တရုတ်နိုင်ငံသို့ရောက်ရှိပြီး နှစ်နိုင်ငံဆက် ဆံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုတိုးမြှင့်ရန် ရည်ရွယ်သည်ဟု တရုတ် အစိုးရ ဆင်ဟွာသတင်းက မေ ၂၆ ရက်နေ့တွင် ဖော်ပြထားသည်။ (Irrawaddy 260511) Read More...
- ထိုင်း-မြန်မာနယ်စပ် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ဘုရားသုံးဆူမြို့နယ်ခွဲတွင် မေလ ၂၃ ရက်နေ့က မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးမျိုးကြည်မှ မြို့ပေါ်ရှိ ရွှေဆိုင်ပိုင်ရှင်၊ လက်ဖက်ရည်ဆိုင်ရှင်၊ ကုမ္ပဏီပိုင်ရှင်နှင့် အခြားစီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၂၀၀ ကျော်ကို အစည်းအဝေးခေါ်ယူပြီး ၂၀၁၁-၁၂ ပညာသင်နှစ်အတွက် ပညာရေးထောက်ပံ့ကြေးအဖြစ် ထိုင်းဘတ် ၆၀၀၀ မှ ၁၀၀၀၀ အထိ တောင်းခံနေသည်ဟု စီးပွားရေးလုပ်ငန်းရှင်နှင့် နီးစပ်သည့် မြို့ခံတစ်ဦးက ပြောသည်။ (IMNA 260511) Read More...
- ရန်ကုန် အင်းစိန်ထောင်တွင်း အကျဉ်းသားရပိုင်ခွင့် အခွင့်အရေးများကို မေ ၂၂ ရက်နေ့မှစတင်ကာ တောင်းဆိုအစာငတ်ခံဆန္ဒပြနေကြသည့် နိုင်ငံရေးအကျဉ်းသားများထဲမှ စစ်ခွေးတိုက်ရောက် နိုင်ငံရေးအကျဉ်းသား ၁၄ ဦးကို မေ ၂၅ ရက်နေ့က အကျဉ်းဦးစီးဌာနနှင့် ထောင်အာဏာပိုင်များက လာရောက်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် တစုံတရာ ပြေလည်မှုရရှိခဲ့ပြီး မူလအဆောင်သို့ ပြန်လည်ခွင့်ရကာ မိသားစုများနှင့်လည်း ထောင်ဝင်စာတွေ့ခွင့်ပေးလိုက်သည်။ (VOA 260511) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့် ဦးသိန်းစိန် ခေါင်းဆောင်သည့် အစိုးရအဖွဲ့တို့အကြား နှစ်ဖက်စလုံး အကျိုးဖြစ်ထွန်းစေမည့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သမ္မတဦးသိန်းစိန်၏ နိုင်ငံရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာ နေဇင်လတ်က ပြောသည်။ (RFA 260511) Read More...
- စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ရွေးချယ်ခံရသည့် ပူးနိုထန်ကပ်က ၄င်းအနေဖြင့် ဝန်ကြီးတယောက်၏ လုပ်ပိုင်ခွင့်နှင့်ခံစားခွင့်တစုံတရာမရရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ (RFA 260511) Read More...
- တတ်သိပညာရှင်များ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရန်အတွက် အစိုးရဝန်ကြီးဌာနများက လွန်ခဲ့သည့် သီတင်းအပတ်က လုပ်ငန်းကော်မတီ ၄၄ ခု ဖွဲ့စည်းခဲ့သည်။ (DVB 260511) Read More...
- ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ အစိုးရကျောင်း ၁၉ ကျောင်းသည် သတ်မှတ်နှုန်းထားထက်ပို၍ အလှူငွေကောက်ခံခြင်းများ မပြုလုပ်ရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ဦးဉာဏ်ထွန်းဦးက ခေါ်ယူသတိပေးမှုများပြုလုပ်ခဲ့သော်လည်း နာမည်ရကျောင်းများသို့ ဝင်ခွင့်ရရှိစေရန် လာဘ်ပေးနေရသည်ဟု ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်း (TTC) မှ ကျောင်းသားမိဘတစ်ဦးဖြစ် သူ မမျိုးမျိုးက ပြောသည်။ (Irrawaddy 280511) Read More...
- နေပြည်တော်က စုံစမ်း စစ်ဆေးရေးအဖွဲ့က မေလ ၂၈ ရက်နေ့တွင် အင်းစိန်ထောင်ထဲကို ရောက်ရှိလာခဲ့ပြီး အကျဉ်းသားများ အခွင့်အရေးရရှိရေးအတွက် ဆန္ဒပြခဲ့သော နိုင်ငံရေးအကျဉ်းသားများများကို ထောင်ဝင်စာ တွေ့ခွင့်နှင့် ပါဆယ်ပေးခွင့်ကို အကန့်အသတ်မရှိ ပိတ်ပင်လိုက်ရုံမက တိုက်ပိတ်ထားလိုက်ကြောင်း မိသားစုဝင်များက ပြောသည်။ (VOA 280511) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အနားယူသွားပြီဟု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့ပါတီ) မှ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ပြည်တွင်းမီဒီယာအချို့ကို ပြောဆိုခဲ့သော်လည်း အစိုးရသစ်အဖွဲ့ကို နောက်ကွယ်မှ ဆက်လက်ကြိုးကိုင်နေဆဲဖြစ်ကြောင်း နေပြည်တော် စစ်ဘက်အသိုင်းအဝန်းက ပြောသည်။ (Irrawaddy 230511) Read More...
- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) လူမှု အထောက်အကူပြုအဖွဲ့မှ ရန်ကုန်တိုင်း မြောက်ဒဂုံ မြို့နယ်တွင် အိမ်ငှား၍ ဖွင့်လှစ်ထားသော "အမေ့အိမ်" အခမဲ့ ပညာရေး အင်္ဂလိပ်စာ သင်တန်းကျောင်းကို ပြောင်းရွှေ့ရန် စစ်ဘက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ (စရဖ) က မေ ၂၂ နေ့တွင် အိမ်ပိုင်ရှင်မှတဆင့် ဖိအားပေးခဲ့သည်ဟု ယင်းကျောင်းအတွက် အိမ်ငှားပေးထားသူ ဒေါ်သီတာဆွေက ပြောသည်။ (Irrawaddy 230511) Read More...
- မြန်မာ နစကနှင့် ဘင်္ဂလာဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ BGB တို့ နှစ်နိုင်ငံအလံတင် ဆွေးနွေးပွဲကို ကော့စ်ဘဇားခေါ် ဖလောင်းချိတ်မြို့ ပင်လယ်ကမ်းခြေရှိ Sea Palace Hotel တွင် မေ ၂၄ ရက်နေ့ နံနက် ၉ နာရီမှ ၁၁ နာရီထိ ကျင်းပပြုလုပ်ခဲ့ရာ သဘောက်တူခဲ့ကြသည်ဟု Sea Palace ဟိုတယ်မှ အရောင်းဆိုင် မန်နေဂျာတစ်ဦးက ပြောသည်။ (Narinjara 240511) Read More...

- သံလွင်မြစ် တာ့ဆန်းရေကာတာ တည်ဆောက်ရေးစခန်းမှ တရုတ်အမျိုးသား ၄ ဦးသည် မေလ ၁၇ ရက်နေ့က ပျောက်ဆုံးရာ သျှမ်းတပ်ဖွဲ့၏လက်ချက်သာဖြစ်နိုင်သည်ဟု မြန်မာစစ်တပ်က သတင်းလွှင့်ထားကြောင်း နယ်စပ်သတင်း ရပ်ကွက်က ပြောသည်။ (S.H.A.N 240511) Read More...
- ကာလိမြို့နယ်ခွဲ လွယ်ဖာနှင့်သီပေါမြို့နယ် မိန်းခေး သျှမ်းပြည်သူ့စစ်ခေါင်းဆောင်များအား ရမခတိုင်းမှူးက ဆင့်ခေါ်ကာ SSPP/ SSA ဝမ့်ဟိုင်းတပ်ဖွဲ့အား ပြည်သူ့စစ်အသွင်ပြောင်းရန် ထပ်မံစည်းရုံးဆွဲဆောင်ခိုင်းကြောင်း စိန်ကျော့ဌာနေပြည်သူ့စစ် အသိုင်းအဝိုင်းနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 250511) Read More...
- လွန်ခဲ့သည့်လက မိုင်းယောင်းမြို့နယ်အတွင်း မိုင်းလားတပ်စခန်းအချို့ရုပ်သိမ်း၍ အစိုးရတပ်များ ဝင်ရောက်အခြေချလာသည့် နောက်ပိုင်း ဒေသခံများ လူ့အခွင့်အရေးအမျိုးမျိုးချိုးဖောက်ခံနေရကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 250511) Read More...

## ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်ဖွဲ့များ

- မေလ ၂၄ ရက်နေ့က ဗိုလ်ဘိဦးဆောင်သည့် BGF တပ်ရင်း ၁၀၁၂ မှ တပ်ဖွဲ့အချို့သည် လှိုင်းဘွဲ့မြို့နယ် ထီးလိုနေရာရှိ ရာဘာခြံတစ်ခြံရှိ ဗိုလ်ဘသိန်းတပ်ဖွဲ့ကို သွားရောက်ပစ်ခတ်ခဲ့ရာ ဗိုလ်ဘသိန်းတို့တပ်ဖွဲ့မှ ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု KNU ဖားအံခရိုင် ဥက္ကဌ ပဒိုစောအောင်မော်အေးက ပြောသည်။ (KIC 260511) Read More...
- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် ကတိုင်တိကျေးနယ်အုပ်စုအတွင်းရှိ ဘောကျို့လယ်ကျေးရွာ နယ်ခြားစောင့်တပ်-BGF (၁၀၁၃) တပ်ရင်း လက်အောက်ခံတပ်ခွဲတစ်ခွဲက မေလ ၂၀ရက်နေ့က အသက် ၁၈နှစ်အရွယ် စောတာပိုးလိုကို ဖမ်းဆီးကာ စစ်ဆေးမှုများ ပြုလုပ်ပြီး ထိုနေ့၌ ရိုက်သတ်ခဲ့သည်ဟု ဒေသခံများက ပြောသည်။ (KIC 270511) Read more...
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသရှိ နယ်ခြားစောင့်တပ် BGF တပ်ဖွဲ့ဝင်များသည် မေ ၂၆ ရက်နေ့က ၎င်းတို့၏ တံဆိပ်များကိုချွတ်၍ DKBA တံဆိပ်များကို ပြန်ဝတ်ဆင်ကာ ယခင် DKBA စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ် ကျော်သန်းကိုလည်း ဖမ်းဆီးထိန်းသိမ်းထားလိုက်သည်ဟု ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ၁၀၁တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစောဖောဒိုက ပြောသည်။ (KIC 270511) Read more...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး ဆုတောင်းပွဲတစ်ခုကို ရန်ကုန်တောင်ဒဂုံမြို့နယ် အောင်ဘောဂစေတီတွင် အဂ်ါဝတ်ပြုဆုတောင်းအဖွဲ့က မေ ၂၂ ရက်နေ့က ပြုလုပ်ခဲ့ရာ ထောက်လှမ်းရေးများက ဓါတ်ပုံရိုက်ယူခဲ့ကြောင်း ဦးဆောင်လှုပ်ရှားသူတစ်ဦးဖြစ်သည့် ဦးသိန်းအောင်က ပြောသည်။ (RFA 220511) Read More...
- သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် နိုင်ငံရေးအကျဉ်းသားအနည်းငယ်သာ ပါဝင်ခဲ့သည့်အတွက် ပြည်တွင်း ပြည်ပတွင် ဝေဖန်ပြောဆိုမှုများရှိနေသကဲ့သို့ မကြာခင်က ပြန်လွတ်လာသည့် နိုင်ငံရေးအကျဉ်းသားများနှင့် အကျဉ်းကျဆဲ အကျဉ်းသားများ၏ မိသားစုများက လွတ်ငြိမ်းချမ်းသာခွင့်ကို ပြန်စဉ်းစားပေးရန် တောင်းဆိုလိုက်သည်။ (RFA 220511) Read More...
- နိုင်ငံရေးအကျဉ်းသား အားလုံးအတွက် ထည့်သွင်းစဉ်းစားထားမှုမရှိသည့် မြန်မာအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်သည် သမ္မတ ဦးသိန်းစိန်မှ ပထမဆုံးနိုင်ငံတော်ကို ပြောခဲ့သည့်မိန့်ခွန်းနှင့်လွဲနေကြောင်း ညီညွတ်သော တိုင်းရင်းသား လူမျိုးစုများမဟာမိတ်အဖွဲ့ (UNA) က ဝေဖန်ထောက်ပြလိုက်သည်။ (VOA 220511) Read More...
- မြန်မာနိုင်ငံတွင် အစိုးရသစ်တက်လာသော်လည်း "အဓိပ္ပာယ်ရှိတဲ့ ဘာပြောင်းလဲမှုမှ မတွေ့ရသေးဘူး၊ စစ်မှန်တဲ့ အပြောင်းအလဲက ဖြစ်မလာသေးဘူး" ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (DVB 220511) Read More...
- မြန်မာအတိုက်အခံများအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) နှင့် အိန္ဒိယနိုင်ငံတို့မှ ထောက်ခံမှုရရန် သိပ်မျှော်လင့်၍ မဖြစ်ကြောင်းနှင့် ဒီမိုကရေစီရရန် ကိုယ့်အားကိုယ်ကိုးမှဖြစ်မည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဂျာမန်ရုပ်သံသတင်းဌာနတခုကို ပြောကြားလိုက်သည်။ (Mizzima 230511) Read More...
- လူငယ် သတင်းသမားများ မွေးထုတ်သည့်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ပထမဆုံးအကြိမ်ဖြစ် ဗဟန်းမြို့နယ် NLD ပါတီရုံးချုပ်၌ မေလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ပြုလုပ်ခဲ့သည့် အပတ်စဉ် ၁ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ

လူငယ် ၃၆ ဦးနှင့် ပါတီပြန်ကြားရေးဌာနမှ လူငယ် ၁၅ ဦး၊ စုစုပေါင်း ၅၁ ဦး တက်ရောက်ခဲ့ ပြီး မေ ၂၃ ရက်နေ့တွင် ပြီးဆုံးခဲ့သည်ဟု ပါတီပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 230511) Read More...

- "စစ်ပွဲတွေအတွင်း အမျိုးသမီးများ အဓမ္မ ကျင့်ခံရမှု ပပျောက်ရေး" ဆိုင်ရာ နီးနေ ဖလှယ်ပွဲကို ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် Montebello အပန်းဖြေစခန်းတွင် ကျင်းပခဲ့ရာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုမှတဆင့် နှုတ်ခွန်းဆက် မိန့်ခွန်းပြောကြားခဲ့ရာ မြန်မာနိုင်ငံတွင် အထူးသဖြင့် တိုင်းရင်းသားများ နေထိုင်ရာဒေသများ၌ လက်နက်ကိုင်တပ်များသည် ငြိမ်းချမ်းစွာ နေလိုကြခြင်း၊ ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးကိုသာ တောင့်တကြသည့် တိုင်းရင်းသား အမျိုးသမီးများအပေါ် မုဒိမ်းကျင့်မှုကို လက်နက်တစ်ခုသဖွယ် ကျင့်သုံးနေကြကြောင်း ပြောကြားလိုက်သည်။ (RFA 250511) Read More...
- နိုင်ငံတဝန်းရှိလူငယ်များအနေဖြင့် မိမိတို့တွင်ရှိသည့် မဟုတ်မမှန် မခံချင်သည့်စိတ်ဓာတ်၊ တရားမမျှတမှုကို လက်ပိုက် ကြည့်မနေလိုသော စိတ်ဓာတ်များကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ကြရန် ၂၀၀၇ မျိုးဆက် လူငယ်ခေါင်းဆောင်တဦးဖြစ်သူ နာမည်ကျော် Hip Hop အဆိုတော် ကိုဇေယျာသော်က တိုက်တွန်းပြောကြားလိုက်သည်။ (RFA 250511)
- နိုင်ငံရေးအကျဉ်းသား ၂၂၀၀ ကျော် လွတ်မြောက်ရေးဆုတောင်းပွဲကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ယခုအခါ အင်္ဂါနေ့သာမက တနင်္ဂနွေနေ့များတွင်ပါ တိုးချဲ့သွားမည်ဟု ၂၀၀၇ စက်တင်ဘာ သံဃာ့အရေးအခင်းတွင် ပါဝင်ခဲ့မှုဖြင့် ဖမ်းဆီးခံခဲ့ရပြီးနောက် ထောင်မှလွတ်လာသည့် အင်္ဂါဘုရားဖူးအဖွဲ့မှ နော်အုန်းလှက ပြောသည်။ (DVB 250511) Read More...
- သမ္မတဦးသိန်းစိန် ဦးဆောင်သည့်အစိုးရသစ်အဖွဲ့သည် သက်တမ်းနှစ်လကြာအတွင်း ပြုပြင်ပြောင်းလဲရေးအတွက်ဆိုပြီး တတ်သိပညာရှင်များ ပါဝင်သည့်အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရန် ဝန်ကြီးဌာနများအလိုက် ကော်မတီများကို ဖွဲ့စည်းလုပ်ဆောင်နေခြင်းသည် ပြည်သူများနှင့် နိုင်ငံတကာကို မျက်လှည့်ပြသခြင်းမျိုး မပြုလုပ်ရန် လိုအပ်သည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ဒု-ဥက္ကဌ ဦးတင်ဦးက ပြောကြားလိုက်သည်။ (DVB 260511) Read More...
- ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို မျက်ကွယ်ပြုခြင်းသည် ပြည်သူ့ဆန္ဒကိုချေဖျက်ခြင်းဖြစ်ပြီး ဒီမိုကရေစီမဆန်ဘဲ တိုင်းပြည်၏ သမိုင်းအတွက် သိက္ခာကျစေသောလုပ်ရပ်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (Irrawaddy 270511) Read More..., RFA...
- မြန်မာနိုင်ငံ၏အမည်ကို အင်္ဂလိပ်လို ခေါ်ဝေါ်သုံးစွဲရာတွင် မူလ အသုံးအနှုန်းဖြစ်သည့် Burma ကို Myanmar မြန်မာဖြင့် စစ်အစိုးရက အဓမ္မ ပြောင်းလဲခြင်းသည် ဒီမိုကရေစီ နည်းလမ်းမကျသည့်အတွက် မိမိတို့မှအသိအမှတ်မပြုခြင်းဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (RFA 270511) Read More...
- ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ကိုင်စွဲ၍ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ (DVB 270511) Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ရှမ်းပြည်တပ်မတော် တောင်ပိုင်း (SSA-S) နှင့် ရှမ်းပြည် တပ်မတော် မြောက်ပိုင်း (SSA-N) တို့က မေ ၂၁ ရက်နေ့ က SSA-S ဌာနချုပ် တည်ရှိရာလွယ်တိုင်းလျှန်းတွင် ကျင်းပသည့် ၅၃ ကြိမ်မြောက် ရှမ်းပြည် တော်လှန်ရေးနေ့ အခမ်းအနားအား SSA-N ခေါင်းဆောင်အချို့ တက်ရောက်ခဲ့ပြီး မဟာဗျူဟာအရ နိုင်ငံရေး၊ စစ်ရေးပူးပေါင်းရန် သဘောတူခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။ (Irrawaddy 230511) Read More ..., S.H.A.N
- မွန်ပြည်နယ် ရေး-သံဖြူဇရပ် ကားလမ်းတွင် မေ ၂၃ ရက်နေ့က ခရီးသည်တင်ကား ၅ စီး ကရင်အမျိုးသား အစည်း အရုံး (KNU) တပ်ဖွဲ့ဝင်များ ပစ်ခတ်ခဲ့သည်ဟု မြန်မာအစိုးရက မေ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားသောကြောင့် KNU တွဲဖက် အတွင်းရေးမှူး (၁) ဗိုလ်မှူး စောလှငွေက တဖက်သတ် စွပ်စွဲရေးသားခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ (Irrawaddy 240511) Read More ..., KIC
- အပစ်ခတ်မရပ်ပဲ တိုက်နေဆဲဖြစ်သည် SSA (တောင်ပိုင်း) တပ်များနှင့် စစ်အစိုးရလက်ထက် အပစ်အခတ်ရပ်စဲခဲ့ဖူးသည့် SSA (မြောက်ပိုင်း) တပ်များ ရှမ်းပြည်တပ်မတော် SSA တပ်တခုတည်းအဖြစ် မေလ ၂၁ ရက်နေ့တွင် ကျရောက်သည့် ၅၃ နှစ်မြောက် ရှမ်းပြည်တော်လှန်ရေးနေ့၌ တစုတစည်းတည်းပေါင်းစည်းလိုက်သည့်အပေါ် အခြားတိုင်းရင်းသားလက်နက်ကိုင်အင်အားစုများက ကြိုဆိုလိုက်ကြသည်။ (RFA 250511) Read More...
- မေလလယ်က သျှမ်းပြည်တောင်ပိုင်း မိုင်းကိုင်မြို့နယ်နှင့်သီပေါမြို့နယ်များတွင် သျှမ်းပြည်တပ်မတော် (လွယ်တိုင်းလျှံန်းတပ်ဖွဲ့) နှင့် အစိုးရတပ်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ စစ်အစိုးရတပ်ဘက်မှ အကျအရှုံးများပြားကြောင်း သျှမ်းပြည်တပ်မတော်အရာရှိ တစ်ဦးက ပြောသည်။ (S.H.A.N 250511) Read More...

- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO နှင့် စစ်အစိုးရတပ်များအကြား နစ်ဖက်စစ်ရေးတင်းမာနေချိန် KIO က နမ်ဆန်ယန်ဒေသတစ်ဝိုက်ရှိ ရွှေလုပ်ငန်းများလုပ်ကိုင်နေကြသော တရုတ်လူမျိုးများကို မေလ ၂၄ ရက်နေ့က နေရပ်သို့ ပြန်ပို့ဆောင်လိုက်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 250511) Read More...
- ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်ရှိ ရွှေ့တန်းတပ်အားလုံးကို တပ်လှန့်ထားပြီး ရှေ့တန်းရှိ မြန်မာတပ်များအားလုံး မေ ၂၅ ရက်နေ့ နောက်ဆုံးထား ဆုတ်ခွာပေးရန် KIA ၏ တောင်းဆိုချက်ကို မြန်မာအစိုးရက မည်သို့တုန့်ပြန်မည်ကို KIA က စောင့်ကြည့်နေသည်ဟု လိုင်ဇာဌာနချုပ်မှ KIA အရာရှိများ ပြောသည်။ (KNG 250511) Read More...
- ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်နယ်မြေအနီးတွင် မေလ ၁၉ ရက်နေ့က စာရေးသားတောင်းဆိုပြီးနောက်ပိုင်း မြန်မာအစိုးရတပ်များ ၄င်းနေရာသို့ ထွက်ခွာသွားသည်ဟု (KIO) တွဲဖက်အတွင်းရေးမှူး ဦးလနန်က မေ ၂၆ ရက်နေ့က ပြောသည်။ (Irrawaddy 260511) Read More...
- ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေ ၅ ခုအတွင်း လှုပ်ရှားနေသည့် မြန်မာစစ်တပ်များသည် လေးလတာကာလအတွင်း ကရင်ပြည်သူ ၂ ထောင်ကျော်အား စစ်မြေသွားသည့်အခါ မိုင်းရှင်းကိရိယာနှင့်အကာအကွယ်အဖြစ် အသုံးပြုနေကြောင်း KNU က မေလ ၂၆ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (KIC 260511) Read More...
- ကချင်လွတ်မြောက်ရေးအဖွဲ့ (KIA) မှ ပေးသော နောက်ဆုံးရက် ရာဇသံ ကုန်ဆုံးသွားပြီးနောက် ကချင်ပြည်နယ်တွင် မြန်မာစစ်တပ် ခလရ ၁၀၅ နှင့် KIA တပ်ရင်း ၂၇ ကြား ပထမဆုံးကြိမ်ပစ်ခတ်မှုအနည်းငယ် မေ ၂၇ နေ့နံနက် ၁၀ နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့သည်ဟု KIA အရာရှိများက ပြောသည်။ (KNG 270511) Read more...

(ဂ) ပြည်ပအင်အားစုများ

- ရန်ကုန် အင်းစိန်ထောင်တွင်းက အကျဉ်းသားရပိုင်ခွင့်အတွက် တောင်းဆိုနေကြသည့် နိုင်ငံရေးအကျဉ်းသားများ၏ ဆန္ဒပြမှုကို နိုင်ငံတကာ အစိုးရများအနေဖြင့် သိရှိကာနိုင်ငံရေးအကျဉ်းသားအားလုံးကို လွတ်ပေးရန်အတွက် မြန်မာအစိုးရကို ဖိအားပေးတိုက်တွန်းကြရန် အမေရိကန်နိုင်ငံ အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ USCB က မေလ ၂၃ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်ကြောင်း အဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ဒင်က ပြောသည်။ (RFA 240511) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ အောင်ပွဲရ ၂၁ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် မြန်မာ့အရေး ဆွေးနွေးပွဲတစ်ရပ်ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မေလ ၂၇ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားဌာနခွဲ ဥက္ကဋ္ဌ ကိုနေထွန်းနိုင်က ပြောသည်။ (RFA 270511) Read More...

နိုင်ငံရေးအဖွဲ့အစည်းများ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား ၂၇ ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာမှ ၁၀ ဦးကို လျှော့၍ (၁၇) ဦးဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားကြောင်း USDP ခေါင်းဆောင်တစ်ဦးက ပြောသည်။ (DVB 230511) Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ဝင်များ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးထဲတွင် ပါဝင်ပါက နုတ်ထွက်ရန် ယခင်ကပင် ပြောထားကြောင်း ပါတီအထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ပြည်တွင်းမီဒီယာတခုမှ မေးမြန်းရာတွင် ပြောဆိုလိုက်သည်။ (Popular News 270511) Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ရုံးချုပ်ကို ရန်ကုန်မှနေပြည်တော်သို့ ပြောင်းသွားပြီးနောက် ရုံးချုပ်ဌာနမှူး သူရဦးမြင့်ဦးနှင့် စီမံရေးဌာနမှူး ဦးအုန်းဟန်က နုတ်ထွက်လိုက်ကြောင်း USDP တာဝန်ရှိသူတစ်ဦးက ပြောသည်။ (BBC 270511) Read More...

အခြားပါတီများ

- အကျဉ်းသားများကို သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သော်လည်း နစ်ရှည်ထောင်ကျ အကျဉ်းသားများအတွက် အကျိုးမရှိသောကြောင့် နိုင်ငံရေးအကျဉ်းသားအပါအဝင် အခြားအကျဉ်းသားများကို ထပ်ခံလွှတ်ပေးရန်အတွက် ရွေးကောက်ပွဲဝင် မိတ်ဆွေ

၁၁ ပါတီမှ သမ္မတဦးသိန်းစိန်ထံ မေ ၂၆ ရက်နေ့တွင် အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့တောင်းဆိုလိုက်သည်။ (BBC 260511) Read More...

- လာမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်သွားသော မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်ဒေသတွင်း မဲဆန္ဒနယ်တစ်နေရာတွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ အမတ်လောင်းတစ်နေရာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ၂၀၁၀ ရွေးကောက် ပွဲအတွေ့ အကြုံအရ လိုအပ်ချက်များကို ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြတောင်းဆိုသွားမည်ဟု ပါတီဥက္ကဋ္ဌ ဦးနိုင်ငွေသိန်းက ပြောသည်။ (Popular News 270511) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- စီးပွားရေးလုပ်ငန်းကို အကြောင်းပြ၍ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ ထိန်းချုပ်နယ်မြေထိ တိုးချဲ့လာနေသော ကရင်နီလူမျိုး ပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး တပ်ဦးကို စစ်ရေးအရ တိုက်ခိုက်မည်ဆိုပါက နိုင်ငံရေးအရနစ်နာမည်ဟု စစ်မြေပြင်တွင် ကယ် ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကရင်နီလူမှုကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးပင်မအဖွဲ့မှ တာဝန်ရှိသူ စောဖားမူးက ပြော သည်။ (KT 230511) Read More...

## မီဒီယာအခန်းကဏ္ဍ

- မြန်မာနိုင်ငံတွင် ပထမဆုံး အမျိုးသားအဆင့်အဖြစ် နေပြည်တော်တွင် ၃ ရက်ကြာပြုလုပ်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်း ရဲနွမ်းပါးမှုလျော့ကျရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းထုတ်ဂျာနယ်များက အယ်ဒီတာချုပ်များပါဝင်ဆွေးနွေးခဲ့ကြသည်။ (DVB 230511) Read More...
- သတင်းစာလွတ်လပ်ခွင့်များကို အပြည့်အဝပေးရန်ထက် ဝန်ကြီးဌာနအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများကို သုံးသပ်နိုင် ရန်နှင့် အပြင်လောကနှင့်ချိတ်ဆက်ပြီး ဆွေးနွေးပွဲများ ပြုလုပ်ပေးရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ပူးတွဲဝန်ကြီး ဦးကျော်ဆန်း၏ ဝန်ကြီးဌာနများကို အခြားဝန်ကြီးဌာနများကဲ့သို့ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးရန် သတင်းဂျာနယ် အယ်ဒီတာတစ်ဦးက တောင်းဆိုလိုက်သည်။ (DVB 250511) Read More...
- မေလ၏ နောက်ဆုံးသီတင်းပတ်ထွက် ပြည်သူ့ခေတ် အယ်ဒီတာအာဘော်အခန်းတွင် အမှန်တရားကို ရှုမြင်ရင်ဆိုင်ခြင်း ခေါင်းစဉ် နှင့် နိုင်ငံရေးအကျဉ်းသားများကို အစိုးရမှ လွှတ်ပေးသင့်ကြောင်း တိုက်တွန်းသည့်အမြင်ရေးသားချက်ကို စာပေစိစစ်ရေးက ပုံနှိပ် ထုတ်ဝေခွင့် ပြုလုပ်သည့်အတွက် ပြည်သူ့ခေတ်ဂျာနယ်မှ ကြိုဆိုလိုက်ကြောင်း ယင်းဂျာနယ်၏ တာဝန်ခံအယ်ဒီတာ မောင်ဂံသက ပြောသည်။ (BBC 250511) Read More...
- အကျဉ်းကျခံ မြန်မာသတင်းထောက်များ လွတ်မြောက်ရေးလှုပ်ရှားမှုကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် မေ ၂၆ ရက်နေ့က Free Burma VJ အဖွဲ့နှင့် ပြင်သစ်နိုင်ငံပါရီမြို့ အခြေစိုက် နယ်စည်းမခြား သတင်းထောက်များ အဖွဲ့ (RSF) တို့ ပူးပေါင်းကျင်းပပြီး မြန်မာနိုင်ငံတွင် စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေများ ဆိုးရွားနေဆဲဖြစ်သောကြောင့် နိုင်ငံတကာက သတိပြုမိစေရန် ယခုလို ကျင်းပရခြင်းဖြစ်သည်ဟု Free Burma VJ အဖွဲ့မှ Geraldine May က ပြောသည်။ (Irrawaddy 260511) Read More...

## ဘာသာရေးအဖွဲ့အစည်းများ

- ကချင်ပြည်နယ်တွင် ကြီးထွားလာသည့် နိုင်ငံရေးပြဿနာအတွက် အကောင်းဆုံးဖြေရှင်းနိုင်ရန် အထူးဆုတောင်းသွားကြရန် တိုက် တွန်းချက်တစ်ခု ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (Kachin Baptist Convention, KBC) က မေ ၂၀ ရက်တွင် ၎င်းတို့ အသင်းတော် များဆီ ပေးပို့လိုက်သည်။ (KNG 250511) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- အဓမ္မလုပ်အားပေး ခိုင်းစေမှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ တားမြစ်ပေးရန် လက်ရှိအစိုးရက ဆောင်ရွက်မှုမရှိသေးကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာ တောမတ်စ်ကင်တာနားက မေလ ၂၃ ရက်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။ (RFA 230511) Read More..., VOA...
- မြန်မာနိုင်ငံ အရှေ့ပိုင်းရှမ်းပြည်နယ်နှင့် အခြားတိုင်းရင်းသားဒေသများတွင် ဆိုးဆိုးဝါးဝါး ပေါ်ပေါက်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများကို အီးယူဥရောပ ခေါင်းဆောင်များအနေဖြင့် လျစ်လျူရှုမနေပဲ လှုသိရှင်ကြားဆောင်ရွက်ပေးရန် မြန်မာနိုင်ငံအရေး ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် EPCB အီးယူ ပါလီမန်အမတ်များအဖွဲ့က မေလ ၂၃ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်တောင်းဆိုလိုက်ကြောင်း Burma Campaign UK အဖွဲ့ညွှန်ကြားရေးမှူး Mark Farmaner က ပြော သည်။ (RFA 240511) Read More...

### (ခ) အစိုးရများ

- မဲဆောက်မြို့ပိုင်ရုံးတွင် ပြုလုပ်သည့်သတင်း စာရှင်းလင်းပွဲ၌ မြန်မာတိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် အဆက်အဆံမလုပ်ရန် ဒုက္ခသည်အရေးဆောင်ရွက်နေသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) အဖွဲ့များကို ထိုင်းနိုင်ငံ တာ့ခ်ခရိုင်ဝန် နိုင်စမလွိုင်ဖားက ပြောကြားလိုက်သည်။ (DVB 230511) Read More...
- ဦးသိန်းစိန် အစိုးရသစ်သည် ပြင်ပကမ္ဘာနှင့် စီးပွားရေး၊ သံတမန်ရေးအရ ပို၍နီးနီးကပ်ကပ် ဆက်ဆံလိုသည့်ဆန္ဒရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး Li Junhua က ဆင်ဟွာ သတင်းဌာနတွင် မေလ ၂၅ ရက်နေ့က ထုတ်ဖော်ပြောဆိုလိုက်သည်။ (RFA 250511) Read More...
- မြန်မာစစ်အစိုးရကို အမေရိကန် ပြည်ထောင်စုမှ ဒဏ်ခတ် အရေးယူထားသည့် ဥပဒေကို နောက်ထပ်တနှစ် သက်တမ်းတိုးရန် ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် မစ်ချ် မက်ကွန်းနဲလ် (Mitch McConnell) နှင့် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဒိုင်ယန်း ဖိုင်းစတိုင်း (Dianne Feinstein) တို့ အပါအဝင် အထက်လွှတ်တော်အမတ် ၄ ဦး ပူးတွဲပြီး မေလ ၂၆ ရက်တွင် အမေရိကန် အထက်လွှတ်တော်၌ တင်ပြတောင်းဆိုလိုက်သည်။ (VOA 260511) Read More...
- မြန်မာအစိုးရက ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်းနှင့် အပစ်အခတ် ရပ်စဲရေး ကတိကဝတ်ကို ချိုးဖောက်ပြီး ထိုးစစ်ဆင်မှုများ ပြုလုပ်နေမှုနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ပူပန်ကြောင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသာ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသတွင်းလုံခြုံရေး ရရှိလာစေမည်ဖြစ်သောကြောင့် တွေ့ဆုံဆွေးနွေးရေး ပြုလုပ်ရန် ဗြိတိသျှ အစိုးရက တိုက်တွန်းပြောကြားလိုက်သည်။ (RFA 260511) Read More...
- တရုတ်သမ္မတ ဟူကျင်းတောင်သည် မြောက်ကိုးရီးယားခေါင်းဆောင် ကင်မ်ဂျုံအီးလ်နှင့် တရုတ်နိုင်ငံ ဘေကျင်းမြို့၌ မေ ၂၆ ရက်နေ့က တွေ့ဆုံခဲ့ပြီးနောက် မြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်နှင့် မေ ၂၇ ရက်နေ့တွင် တွေ့ဆုံ၍ နှစ်နိုင်ငံ လူပင်မှုကြီးကြပ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း မေလ ၂၆ နေ့ထုတ် ကြေးမုံသတင်းစာ၌ ဖော်ပြထားသည်။ (Irrawaddy 270511) Read more...
- မြန်မာသမ္မတ ဦးသိန်းစိန်၏ တရုတ်နိုင်ငံခရီးစဉ်တွင် မြန်မာအား တရုတ်မှ အမေရိကန် ဒေါ်လာ ၇၆၅ သန်းနှင့် ညီမျှသည့် ယူရှိသန်းငါးရာ့လေးဆယ်ကို တရုတ်ဖွံ့ဖြိုးရေးဘဏ်မှတဆင့် ထုတ်ချေးရန် သဘောတူလိုက်ပြီး အခြားသဘောတူညီချက် ၉ ခုကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။ (BBC 280511) Read More...

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မေလ ၂၂ ရက်နေ့မှစ၍ အကျဉ်းသား ရပိုင်ခွင့် တောင်းဆိုချက် ၆ ချက်ကို တောင်ကာ အစာငတ်ခံ ဆန္ဒပြနေကြသည့် နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်၍ မြန်မာအစိုးရက မည်သို့မည်ပုံတုန့်ပြန်မည်ကို အနီးကပ်သေချာစောင့်ကြည့်သွားမည်ဖြစ်ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ Human Rights Watch က ပြောကြားလိုက်သည်။ (VOA 250511) Read More...

- မြန်မာသမ္မတ ဦးသိန်းစိန်သည် တရုတ်နိုင်ငံသို့ ပထမဆုံး ချစ်ကြည်ရေးခရီးအဖြစ် မေ ၂၆ ရက်နေ့က သွားရောက်ခြင်းသည် အရေးကြီးသည့် ခရီးစဉ်တခုဖြစ်ပြီး မြန်မာအစိုးရ ပြောင်းလဲမည့်ပုံစံများကို အမေရိကန်နိုင်ငံသာမက တရုတ်နိုင်ငံကပါ စိုးရိမ်နေသည်ဟု အမေရိကန် ပြည်ထောင်စု ဘရွတ်ကင်း အင်စတီကျူ့၊ တရုတ်ဌာန၏ အကြီးတန်းသုတေသီ ပါမောက္ခ ချန်းလီးက သုံးသပ်ပြောဆိုလိုက်သည်။ (BBC 270511) Read More...

***End of report/ Saturday, May 28, 2011***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***